

# ဆောင်း ခြွေလို့ကြွေ၊ နှင်းဝေလို့ နှမ်း

ဆောင်းနှောင်းရာသီ ရောက်လေပြီပေါ့၊ ဆောင်းလို့ဆိုလိုက်ရင် ဆောင်းရဲ့မိတ်ဆွေဖြစ်တဲ့ အေးမြတဲ့ မြောက်ပြန်လေနဲ့အတူ ဖြူလွလွ နှစ်သက်စရာ နှင်းပွင့်တို့ရဲ့အလှကိုလဲ စိတ်မျက်စိထဲမှာ ပုံဖော်ကြည့် မိရက်သား ဖြစ်တတ်ကြမှာပါ။ ဒီထက်ပိုပြီး အနုပညာခံစားတတ်ခံ မကင်းသူတို့ကတော့ အဆိုတော် တွံ တေးသိန်းတန်ရဲ့ " ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် အတူတူပါပဲ..."ဆိုတဲ့ တေးသီချင်းလေးကိုပဲ စိတ်ထဲမှာ တီးတိုးရွတ်ဆိုနေမိမလား၊ ဒါမှမဟုတ် စိုင်းထီးဆိုင်ရဲ့"ဒီဆောင်းနှင်းမြူရယ်၊ ကိုယ်ချင်း မစာ တယ်၊ချမ်းတယ် ချမ်းတယ်၊ မေးခိုက်ခိုက်တုန်အောင်၊စောင်နဲ့ခြုံတောင် မလုံဘူး တကယ်၊ မင်းကိုယ်ငွေ့ နဲ့ ထွေးပါမှ၊ နွေးမယ် ထင်တော့တယ်၊ ကိုယ်နွေးနိုင်မယ်..."စတဲ့ တေးသီချင်းကိုပဲ နှုတ်ကဖွဖွ ညည်းဆို နေမိမလားတော့ မသိဘူးပေါ့၊ ဘယ်ပုံသို့တွေးလို့ ဘယ်တေးကိုပဲ ညည်းဆိုပစေ၊ ဆောင်းဆိုတာ အေး မြမှုရဲ့ သင်္ကေတ၊ လန်းဆန်းမှုရဲ့ နိမိတ်ပုံ၊ နှင်းငွေ့မှုံတို့နဲ့ လွှမ်းခြုံနေတတ်လေတဲ့ သဘောကိုတော့ စိတ် မနောထဲမှာ ထင်မြင်မိကြလေမှာ မလွဲပါဘူး။

ဆောင်းဦးဝင်စ လွန်ခဲ့တဲ့ နှစ်လခန့်ကပဲ အသိထဲကတစ်ဦးက ဆောင်းခြွေလို့ ကြွေနေတဲ့ သစ်ရွက်တွေ ကိုကြည့်ပြီး "ရွက်ကြွေတွေပေါ်မှာ အမှတ်တရ ဓာတ်ပုံရိုက်ချင်စိတ်ဖြစ်မိပါတယ်"လို့ ဆိုပါတယ်၊ ဟော တိုက်တိုက်ဆိုင်ဆိုင် အဲဒီရဲ့ နောက်ရက်တစ်နေ့မှာပဲ အခြားတစ်ယောက်က တောင်ခါးပန်းမှာ ဝေသီ ရစ်ဆိုင်းပြီး အုံ့မှိုင်းကာလှနေလေတဲ့ မြူဆိုင်လွှလွှတို့ကိုကြည့်ပြီး မှတ်တမ်းတင်ဓာတ်ပုံတစ်ပုံ ရိုက်လို ပြန်ပါသတဲ့။ ရာသီတွေရဲ့ ပြောင်းလဲမှု အသွင်အပြင်ကို အမှတ်ထင်ထင် ရှိတတ်လေ့မရှိတဲ့ စာရေးသူ

တောင်မှပဲ သူတို့တတွေရဲ့ ဆောင်းနဲ့မကင်းတဲ့ စကားစလေးတွေကိုကြားမိတော့ ဒီဆောင်းနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေကို ပြောပြချင်စိတ် ဖြစ်လာမိရပါတယ်။

သိကြတဲ့အတိုင်းပါပဲ၊ စာရေးသူတို့ အမိမြေမှာဆိုရင်တော့ နှင်းဆန်းရင် ပန်းတို့လန်းဆန်းတတ်စမြဲဖြစ်လို့ ပန်းတို့ဝေစေဖို့ ဆောင်းနှင်းကို မျှော်လင့်မိတတ်ကြတာပါ။ သို့ပေမယ့် နှင်းချွေလို့ ပန်းတွေကြွေ၊ နှင်းဖျန်းလို့ ပန်းတို့နွမ်းကြရတဲ့ အမေရိကလိုနေရာမှာတော့ ဆောင်းနှင်းတို့ဝေတာကို ပန်းမြတ်နိုးသူတို့အနေနဲ့ ခုံမင်တမ်းတဖွယ်တစ်ခုအဖြစ် ထင်မြင်သူ နည်းလေမလားပါပဲ။ ဒီတော့စာရေးသူက အော်တနေရာမှာ ပန်းတို့လန်းစေတဲ့နှင်း၊ အခြားတနေရာ ရောက်ပြန်တော့ ပန်းတို့ကိုနွမ်းစေတတ်ပါကလားလို့ တွေးမိရက်သား ဖြစ်ရပါတယ်။ ဒီအကြောင်းလေးကို တစ်နေ့မှာတော့ စာတစ်ပုဒ်အဖြစ်ရေးမယ်လို့လဲ စိတ်ကူးထားမိပါတယ်။ ဒါပေမယ့် အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။

ဟော ခုည ဘီဘီစီသတင်းဌာနနဲ့ မေးမြန်းခန်းတစ်ခုမှာ ပေါ်လွင်ထင်ရှားတဲ့ဖြေဆိုသူတစ်ဦးရဲ့ စကားကိုကြားခဲ့ရတော့ စာရေးချင်စိတ် နိုးထလာခဲ့ပြီမို့ ရေးဖြစ်ခဲ့ပါပြီပေါ့။ ဒီမှာဖြေဆိုသွားသူက အီရတ်အရေးနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့တာကို “လက်နက်ကြီးကြီးမားမားတွေ မပြောပါနဲ့ဦး၊ တာဝန်ယူလိုစိတ်မရှိတဲ့ သူ့ရဲ့လက်ထဲကို ရိုင်ဖယ်သေနတ်တစ်လက် ရောက်သွားနိုင်ရုံနဲ့ စိုးရိမ်ကြောင့်ကြ နိုင်ရကြောင်း” ဖြေကြားသွားခဲ့ပါတယ်။ ဒီစကားကိုကြားမိတော့ စာရေးသူကိုယ်တိုင် လွန်ခဲ့တဲ့ ၁၂နှစ်ခန့်က စာစောင်ငယ် တစ်ခုမှာ အယ်ဒီတာအာဘော်အနေနဲ့ရေးခဲတဲ့ စာပိုဒ်လေးတစ်ခုကိုလဲ ပြန်လည်သတိရမိပါတယ်။ အဲဒီမှာ စာရေးသူက“အသိဉာဏ်ရှိသူ လူသားတစ်ဦးရဲ့လက်ထဲမှာ မီးတောက်လောင်နေတဲ့ မီးတုတ်တစ်ခု ရှိနေခြင်းဟာ အန္တရာယ်ရှိနေပြီ မဆိုနိုင်ပေမယ့် အသိဉာဏ်မဲ့တဲ့ မျောက်လိုသတ္တဝါတစ်ကောင်ရဲ့ လက်ထဲမှာ မီးချစ်နဲ့လောင်စာ ရှိနေယုံနဲ့ကိုပဲ အန္တရာယ်ရှိနိုင်တယ်ရယ်”လို့ ရေးသားခဲ့ပါတယ်။

စာရေးသူရေးခဲ့တဲ့စကားလေးကိုပြန်လည်သတိရမှုနဲ့အတူပဲ ပျက်စီးအောင်ဖျက်ဆီးကျရာမှာ အင်အားပြင်းထန်တဲ့ လက်နက်ကြီးတွေအသုံးပြုမှသာမဟုတ်ပဲ၊ ထင်သာမြင်သာတဲ့ ဘာလက်နက်ကြီးတွေမှ မပါပေမယ့် လုံးဝဥဿုံပျက်စီးခြင်းဆိုက်ရောက်အောင် ဖျက်ဆီးနိုင်တဲ့အရာတွေလဲရှိနိုင်တာကို စဉ်းစားမိခဲ့ပါတယ်။ တကယ်တော့ စာရေးသူတို့တတွေအနေနဲ့ ဖျက်ဆီးခြင်းလို့ဆိုလိုက်ရင် မျက်စိထဲမှာ မြင်ယောင်မိတာက ဝရုန်းသုန်းကားနဲ့ ဖရိုဖရဲပြိုလဲနေတဲ့ပုံရိပ်အသွင်အပြင်များသာ ဖြစ်နေတတ်ပါတယ်။ တိတိကျကျပြောရရင် ပျက်စီးခြင်း တစ်နည်းဆိုရရင် ဖျက်ဆီးခံရခြင်းဆိုတာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများအတွက်သာ စဉ်းစားမိတတ်ကြပါတယ်။ ရုပ်ဝတ္ထုတွေဖျက်ဆီးခံရတာထက် ပိုမိုဆိုးရွားတဲ့၊ ပိုပြီးတော့လဲ ကြောက်မက်ဖွယ်ကောင်းတဲ့ ဖျက်ဆီးခံရမှုမျိုးကတော့ နာမ်ပိုင်းဆိုင်ရာ အရည်အသွေးတွေပျက်စီးအောင် တမြေ့မြေ့ ဖျက်ဆီးခံရခြင်းပဲဖြစ်ပါတယ်။

တိုင်းနိုင်ငံတစ်ခုကို ဗုံးကြီးတွေဒုံးကြီးတွေနဲ့ စိတ်စိတ်မွမွဖြစ်အောင် ဖျက်ဆီးခံရပစေဦး၊ဒီတိုင်းဒီနိုင်ငံကသူတွေအနေနဲ့ ခိုင်မာတဲ့ ဇွဲစိတ်ဓာတ်၊ ထက်မြက်တဲ့အသိဉာဏ်တွေ ရှိနေဦးမည်ဆိုရင် အပျက်အစီးပြာပုံကြားကနေ ဒီတိုင်းနိုင်ငံဟာ ပြန်လည်ရှင်သန်ထမြောက်ဖို့ မခက်ခဲနိုင်ပါဘူး၊ သို့ပေမယ့် လူမျိုးတစ်မျိုးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ဆိတ်သုံးနေပြီ၊ လူမျိုးရဲ့ကိုယ်ပိုင်စွမ်းရည်တွေ၊ လူ

သားတစ်ဦးအနေနဲ့ စောင့်ထိန်းလိုက်နာရမည့် လူ့ကျင့်ဝတ်စည်းကမ်းတွေကို အလွယ်တကူ ချိုးဖောက်ဖျက်ဆီးလိုစိတ်တွေ တိုးပွားစေအောင် ဖိအားပေးခံရမှုတွေနဲ့ လူသားဂုဏ်သိက္ခာကို စနစ်တကျ ဖျက်ဆီးခံလိုက်ရပြီဆိုရင်တော့ ဒီတိုင်းဒီနိုင်ငံ ဒီလူမျိုးဟာ နာလန်ထူနိုင်ဖို့ လူစဉ်မီဖို့ အလွန်မှပဲ ခက်ခဲပါလိမ့်မယ်။

ဒီနေရာမှာ စာရေးသူတို့အနေနဲ့ ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ခုကိုလဲ ပြောပြချင်ပါသေးတယ်။ ဖျက်ဆီးတယ်ဆိုတဲ့နေရာမှာ အိုးကျက်ကို ရိုက်ခွဲဖျက်ဆီးခြင်းမျိုးနဲ့ အိုးစိမ်းကို ရေနှင့်ပက်ပြီးဖျက်ဆီးခြင်းဆိုပြီး ဖျက်ဆီးခြင်းနှစ်မျိုးနှစ်စားကို အကြမ်းစားခွဲကြည့်ဖို့ လိုမယ်ထင်ပါတယ်။ အိုးကျက်ကိုရိုက်ခွဲတာမျိုးကို ဖျက်ဆီးခြင်းဆိုတာ အလွယ်တကူ သိနိုင်ပေမယ့် အိုးစိမ်းကိုရေနဲ့ပက်ပြီး ဖျက်ဆီးမှုမျိုးကတော့ အလွယ်တကူ မမြင်နိုင်တတ်ကြပါဘူး၊ သို့ပေမယ့် အိုးစိမ်းကိုရေနှင့်ပက်တာဟာလဲ အလားတူပျက်စီးစေနိုင်တဲ့ ဖျက်ဆီးခြင်းမျိုးပါပဲဆိုတာ သိထားရမှာမျိုးပါပဲ။ ဖျက်ဆီးခြင်းအဓိပ္ပါယ်ကို အကြမ်းစားအားဖြင့် ခုလိုနှစ်မျိုးနှစ်စားရယ်လို့ ခွဲခြားပြောရပေမည့် အဖျက်သမားကြတော့ သုံးမျိုးသုံးစားခွဲခြားလို့ရနိုင်မယ်ထင်ပါတယ်။ တချို့က အိုးစိမ်းကို ရေနှင့်ပက်တဲ့ဖျက်ဆီးမှုမျိုးနဲ့ ဖျက်ဆီးတတ်ကြတယ်၊ တစ်ချို့ကတော့ အိုးကျက်ကို ရိုက်ခွဲတဲ့နည်းနှင့် ဖျက်ဆီးတတ်ကြတယ်၊ အဲဒီထက်ဆိုးတဲ့သူမျိုးကြပြန်တော့ ဒီနည်းနှစ်မျိုးလုံးကိုသုံးစွဲပြီး သိသိသာသာရော မသိမသာပါ ဖျက်ဆီးတတ်ကြတယ်။

အခုအီရတ်ကို အမေရိကန်ဦးဆောင်ပြီး စစ်တိုက်မယ်ဆိုတော့ ကမ္ဘာတစ်လွှား ဆန့်ကျင်ကန့်ကွက်ပွဲတွေကို ကျင်းပကြပါတယ်။ ဘာကြောင့် ခုလိုကန့်ကွက်ကြတာပါလဲ။ စစ်ဖြစ်လာရင် လူတွေသေကြေပျက်စီးမယ်၊အိုးအိမ်တိုက်တာစတဲ့အရာတွေ ပျက်စီးဆုံးရှုံးမယ်၊ မခန့်မှန်းနိုင်တဲ့ ဆိုးကျိုးအဆက်ဆက်တွေ ဖြစ်ပေါ်လာနိုင်တယ် စတဲ့အကြောင်းတွေကြောင့် ကန့်ကွက်ကြခြင်းပဲဖြစ်ပါတယ်။ကန့်ကွက်ခြင်းရဲ့အဓိပ္ပါယ်က နိုင်ငံတစ်ငံမှာရှိနေတဲ့ လူသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်နစ်နာမည့်အရာမျိုးနဲ့ကြုံဆုံလာခဲ့ရင် ကမ္ဘာ့လူသားတွေအနေနဲ့ လျစ်လျူပြုနေကြရိုး မရှိဘူး၊ နိုင်ငံရေးခေါင်းဆောင်စစ်ခေါင်းဆောင်တွေအနေနဲ့ ကိုယ်ထင်တိုင်း ပြုမူလို့ မရဘူးဆိုတာကို အသိပေးတဲ့သဘောမျိုးလဲ ပြရာရောက်ပါတယ်။ ဒီနေရာမှာ စာရေးသူတို့ လူသားများအနေနဲ့ ထည့်သွင်းစဉ်းစားဖို့လိုတဲ့အချက်ကို သတိပြုမိဖို့လိုပါတယ်။ ဒါကဘာလဲဆိုရင် အသက်အိုးအိမ်စည်းစိမ်တိုက်တာတွေ ပျက်စီးမည့်အရာမျိုးနဲ့(အိုးကျက်ကိုရိုက်ခွဲတဲ့ ဖျက်ဆီးမှုမျိုးနဲ့) တွေ့ကြုံရမည့် အခါမျိုးကြမှသာ ကိုယ်တိုင်ပါဝင်ကန့်ကွက်ဖို့ သတိရကြရမှာ၊ ကန့်ကွက်တဲ့အထဲ ကိုယ်တိုင်ပါဝင်ကြရမှာမဟုတ်ပါပဲ အိုးစိမ်းကိုရေနှင့်ပက်တဲ့ ဖျက်ဆီးမှုမျိုး၊ တစ်နည်းပြောရရင် တဖြည်းဖြည်းနဲ့ လူ့အရည်အသွေးတွေ လူ့တန်ဖိုးတွေကို လျော့ပါးသွားအောင်၊ လူ့သားတစ်ဦးရဲ့ ရပိုင်ခွင့်တွေကို မတရားတားဆီးပိတ်ပင်တဲ့ အိုးစိမ်းကိုရေနှင့်ပက်ပြီး တစိမ့်စိမ့် ကြေမွပျက်သုဉ်းအောင် ဖျက်ဆီးနေလေတဲ့ အဖျက်သမားတွေရဲ့ရန်ကို ကာကွယ်ရာမှာလည်း အားတက်သရော ပါဝင်တတ်ဖို့လိုတယ်ဆိုတာ အထူးသတိပြုမိဖို့ လိုမယ်ထင်ပါတယ်။

ဖျက်အားပြင်းလက်နက် ဒုံးကြီးတွေ ဗုံးကြီးတွေကြောင့် လူ့အသက်ပေါင်းမြောက်များစွာ ပျက်စီးဆုံးရှုံးမှာကို စိုးရိမ်တတ်ကြသလို လူသားသန်းပေါင်းများစွာရဲ့စွမ်းရည်တွေကို တဖြည်းဖြည်းနဲ့ ပျက်သုံးအောင်၊ ကြေမွပျက်စီးအောင် အချိန်ကြာမြင့်စွာနဲ့ စနစ်တကျ စီမံကိန်းချကာ အိုးစိမ်းကိုရေနဲ့ပက်ဖျန်းနေသူတွေရဲ့ရန်ကနေ တားဆီးနိုင်ဖို့ကိုလဲ ထည့်သွင်းစဉ်းစားဖို့ လေးလေးနက်နက် တိုက်တွန်းချင်ပါ

တယ်။ဒီလိုမှမဟုတ်ပဲ စစ်ဆိုတာ မကောင်းဘူး၊ စစ်မှန်ရင် ကန့်ကွက်ကြရမယ်ဆိုတဲ့ သာမန်ထက်မပိုတဲ့ အသိမျိုးနဲ့ စစ်ဆန့်ကျင် ကန့်ကွက်မှုမျိုးကတော့ အကဲ့ရဲ့မလွတ်မှာစိုးတာကြောင့် မိုးခါးရေဝိုင်းသောက်ကြည့်တာမျိုးလောက်ပဲ ဖြစ်သွားနိုင်ပါတယ်။ ဒုံးကြီးတွေပုံးကြီးတွေက ထောင်ပေါင်းများစွာသော လူသားတွေရဲ့အသက်ဇီဝိန်ကို မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်း ခြွေပစ်နိုင်တယ်၊ ဒါကြောင့် အင်မတန်ကြောက်စရာကောင်းပါတယ်။ ဒုံးဒဏ် ပုံးဒဏ်တွေ မခံစားရလေအောင် ဝိုင်းဝန်းကာကွယ်ကြရပါမယ်။ ဒီဒဏ်တွေကကင်းဝေးအောင် ကြိုးစားကြရမယ်။ နောက်ပြီး ရက်ပေါင်းလပေါင်းများစွာမက နှစ်ပေါင်းများစွာတိုင် စက္ကန့်တိုင်း မိနစ်တိုင်းနဲ့အမျှ သန်းပေါင်းများစွာသော လူသားတို့ရဲ့ဘဝကို ဖျက်ဆီးနေတဲ့၊ အဖျက်လက်နက်နဲ့ အလားသဏ္ဍာန်တူတဲ့ အဖျက်စနစ်ဆိုးတွေကရော ကြောက်ရွံ့ရမည့် အရာမျိုးမဟုတ်ပါလား၊ ကန့်ကွက်တားဆီးရမည့် အရာမျိုး မဟုတ်ပါလားလို့လဲ အသေအချာ မေးခွန်းထုတ်ကြည့်ဖို့လည်း လိုပါလိမ့်ဦးမယ်။

လူသားတို့ဘဝမှာ ကိုယ်ပိုင်ဘဝလေးတွေကို အောင်အောင်မြင်မြင်တည်ဆောက်ဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အသီးသီးကြိုးစားကြရစမြဲပါ။ ဒီလိုတည်ဆောက်ကြရာမှာလဲ ပန်းမွှေ့ရာ ရွှေကော်ဇောနဲ့ ဘဝလမ်းခရီးကို ချောမွေ့သာယာစွာ လျှောက်လှမ်းရသူဆိုတာကတော့ အတော်ကိုရှားမှာပါ။ ခရောင်းတောကြမ်း၊ ဆူးပြွမ်းလမ်းမှာချည်း ထာဝရ လျှောက်လှမ်း မနေရရင်ကိုပဲ ဘဝဆိုတာ နေပျော်စရာပါပဲလို့ ဆိုရမှာပါ။ သို့ပေမယ့် စာရေးသူတို့ကမ္ဘာကြီးရဲ့ နေရာဒေသတော်တော်များများမှာ မစင်အိုင်ပုပ်၊ ဆူးငြောင့်တွေ အပြည့်မြှုပ်ထားတဲ့လမ်းပေါ်ကို လျှောက်လှမ်းဖို့ အတင်းအဓမ္မ တွန်းပို့ခံနေရတဲ့ လူသားတွေ။မှောင်မဲကျဉ်းကျပ်၊ လွတ်လပ်ခြင်းရဲ့ အရသာကို လုံးဝ ထိတွေ့ခံစားခွင့် မရရှာလေတဲ့လူသားတွေ။ ချို့တဲ့အစာ၊ မသေရုံမျှသာ မဝရေစာ စားသောက်နေနေရတဲ့ သူတွေရဲ့ဘဝတွေ။ စိုးရိမ်ကြောက်ရွံ့မှုကြား၊ အံကြိတ်ကာ ငိုရှိုက်ညည်းတွားနေရရှာလေတဲ့ လူသားတွေရဲ့ ဘဝတွေကို မြင်တတ်အောင်ကြည့်ဖို့လဲ လိုပါလိမ့်မယ်။ အထူးသဖြင့်တော့ ဒီလူသားတွေ ဒီလိုဆင်းရဲဒုက္ခ ဖြစ်နေရလေအောင် ဖန်တီးနေကြလေတဲ့ အိုးစိမ်းကို ရေစင်ဖျန်းနေတဲ့ သူမျိုးတွေရဲ့ရန်ကို ဘယ်လို ကာကွယ်တွန်းလှန်နိုင်မယ်၊ ရေစဉ်ရေချမ်း တမြေ့မြေ့ သွန်းဖျန်းနေလေတဲ့ မဟာကျေးဇူးရှင် ရေစင်ဖျန်းသမားတွေရဲ့ ဘေးကနေ ဝေးအောင် ဘယ်လို အားထုတ်ကြမယ်၊ ဒီလို အားထုတ်ရာမှာ ဘယ်လိုအခန်းကဏ္ဍက ကိုယ်ပါဝင်နိုင်မယ်ဆိုတာကို စဉ်းစားမိကြဖို့လဲ တကယ်လိုအပ်ကြောင်း ပြောပြချင်ပါတယ်။ နောက်ပြီး စာရေးသူတို့အနေနဲ့ မိုးခါးရေကို ဘယ်လိုအကြောင်းကြောင့်မှ အရမ်းကာရော စမ်းမသောက်ကြည့်သင့်သလို၊ စာရေးသူတို့ကိုယ်တိုင် အိုးစိမ်းအဆင့်မျှသာ ရှိနေသေးတယ်ဆိုလျှင်လည်း ဘယ်လိုသူပက်ဖျန်းတဲ့ ရေချမ်းကိုမှ လက်သင့်မခံသင့်ကြောင်းကိုလဲ ထပ်လောင်းကာ ပြောပြချင်ပါတယ်။

စာရေးသူရဲ့ ပြူတင်းတံခါးကနေကြည့်လိုက်ရင် အရိုးပြိုင်းပြိုင်းထနေတဲ့ သစ်ပင်အချို့နဲ့ အသက်ကင်းမဲ့နေဟန် ပန်းပင်အချို့ကို အတိုင်းသားမြင်နေရပါတယ်။ သစ်ပင်ပန်းပင်မှန်ရင် အရွက်တွေနဲ့ဝေ၊ အပွင့်တွေနဲ့လန်း၊ အသီးတွေနဲ့ ပြွမ်းနေတာကိုသာမြင်လိုတဲ့ စာရေးသူအတွက် ခုမြင်ကွင်းဟာ စိတ်မသက်မသာ ဖြစ်ရတဲ့ မြင်ကွင်းတစ်ခုပေ့ါ။ အော်. . .ဆောင်းခြွေလို့ ကြွေခဲ့ရတဲ့ သစ်ရွက်လေးတွေ၊ နှင်းဝေလို့ နွမ်းရတဲ့ ပန်းပွင့်လေးတွေကလည်း များပဲ များနိုင်လွန်းလှပါရဲ့။ ။

အကြွေစောခဲ့သော ညီငယ် နှမငယ်များသို့